# Highlights from DVB Debate’s *SIM CARDS* show

## “Do you like your new SIM?”

18/10/2014

---

“နိုင်ငံခြား ဆက်သွယ်ရေးအော်ပရေတာတွေအနေနဲ့ ဝေးလံခေါင်ဖျားဒေသကလူတွေကိုလဲ မေ့မထားသင့်ဘူး။ သူတို့အနေနဲ့ လုပ်လို့ရတာက ရန်ကုန်နဲ့ မန္တလေးဈေးကွက်က ရလာတဲ့ အကျိုးအမြတ်တွေကို ဝေးလံခေါင်ဖျားဒေသမှာ တာဝါတိုင်တွေစိုက်တာမျိုးလုပ်ပေးပြီး အကျိုးရှိအောင် အသုံးချသင့်တယ်။”

ဦးနန္ဒစိုး - ရွှေပြည်တံခွန်ကုမ္ပဏီ၊ အင်ဂျင်နီယာချုပ်(Radio Planning)

“Foreign telecom operators should not forget about the people living in remote areas. What they should do is use the profits that they’ve made in Yangon and Mandalay to build mobile  towers in remote areas.”

U Nanda Soe- Shwe Pyi Tagonn (Chief Engineer, Radio Planning Department)

---

“တယ်လီနော်တို့ အော်ရီဒူးတို့ ၁၅၀၀နဲ့ ဆင်းကတ်ချပေးလို့ မြန်မာ့ဆက်သွယ်ရေးကလည်း ငါတို့လဲ ချပေးနိုင်တယ်ဆိုပြီး ၁၅၀၀ ဆင်းကတ်တွေချပေးတယ်။ နက်ဝေ့ခ်မချဲ့ဘဲ ဆင်းကတ်ပဲ ထပ်တိုးချပေးနေရင် လိုင်းက ကျပ်နေမှာပဲ”

ရဲကျော်စွာဗိုလ် - မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဂျီအက်စ်အမ်ဌာနခွဲမှ ဝန်ထမ်းဟောင်း

“When Telenor and Ooredoo started to sell SIM cards for 1,500 kyat, MPT also started selling them for the same price. But they haven’t expanded the network yet, so the connection will now be terrible.”

Ye Kyaw Swar Bo (Retired employee from MPT, GSM Department )

---

“အခုဖြစ်နေတာက ဒါကတော့ တယ်လီနော်တာဝါ၊ ဒါက အော်ရီဒူးတာဝါတိုင်..ဒါက မြန်မာ့ဆက်သွယ်ရေးတာဝါတိုင်ဆိုပြီး.. တာဝါတိုင်စိုက်တဲ့ အင်အားတွေ ဆုံးရှုံးနေတယ်။ နိုင်ငံတကာမှာလို တာဝါတိုင်တွေအားလုံးပေါင်းပြီးတော့ ပေါင်းလုပ်မယ်ဆိုရင် ပိုကောင်းမှာပါ။”

ဦးရာဗီ - ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

“At the moment, each operator is building up their own mobile towers, so we are loosing the capacity by not sharing these towers. Just like in other countries, we should cooperate in mobile tower building.”

U Ravi (CEC , Myanmar Computer Professionals Association)

---

"“ပြည်သူက ဆင်းကတ်နဲ့ပတ်သက်ပြီး မျှော်လင့်ချက်တော်တော်များတယ်။ အရင်ဆုံးထွက်လာတဲ့ အော်ရီဒူးဝန်ဆောင်မှုကိုမျှော်လင့်ကြတယ်။ ဝန်ဆောင်မှုတွေကောင်းခဲ့ရင် မြန်မာ့ဆက်သွယ်ရေးကို လူတွေ ပြန်လှည့်ကြည့်နေမှာ မဟုတ်ဘူး”

သက်တန့် - ပေါ်ပြူလာဂျာနယ်

“People have huge expectations of these SIM cards. They held out so much hope on the services of the newcomer, Ooredoo.  If the services were good, no one would go back to MPT.”

Tet Tant (Popular Journal)

---

"“မြန်မာ့ဆက်သွယ်ရေးက ရလာတဲ့ အကျိုးအမြတ်ငွေက နိုင်ငံတော်ဘတ်ဂျက်ထဲ ဝင်သွားတယ်.. နိုင်ငံတော်က ဆက်သွယ်ရေးကဏ္ဍအတွက် ပြန်ချပေးတာက မစို့မပို့ ဒီတော့ အခြေခံအဆောက်အဦးပိုင်းလိုအပ်တာတွေ လုပ်ဖို့အတွက်က မလုံလောက်တော့ပြန်ဘူး။”

ဦးနန္ဒစိုး - ရွှေပြည်တံခွန်ကုမ္ပဏီ၊ အင်ဂျင်နီယာချုပ်(Radio Planning)

“All the profits from the MPT have gone back to the National Budget and the government have given them only a small amount of that budget now. So, it won’t cover the infrastructure   preparation for the MPT services”

U Nanda Soe- Shwe Pyi Tagonn (Chief Engineer, Radio Planning Department)